**ABSDF**

**All Burma Students' Democratic Front**

---

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး

(ကျောင်းသားတပ်မတော်)

# KIA ဗိုလ်သင်တန်းကျောင်းသို့ ပစ်ခတ်တိုက်ခိုက်မှုအပေါ်

# မကဒတ (ကျောင်းသားတပ်မတော်) ၏ ထုတ်ပြန်ကြေညာချက်

၁၉ - ၁၁ - ၂၀၁၄ ရက်နေ့ ၁၂း၂၀ အချိန်တွင် တပ်မတော်စစ်စခန်းများမှ လိုင်ဇာအနီးရှိ KIA ဗိုလ်သင်တန်းကျောင်းတည်ရှိရာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ထိမှန်ပေါက်ကွဲသည့် နေရာတွင်ပင် အရာရှိငယ်သင်တန်းသား ၂၃ ဦး ကျဆုံးခဲ့ပြီး သင်တန်းနည်းပြနှင့် သင်တန်းသား ၂၀ ဦး ဒဏ်ရာ ရရှိခဲ့သည်။ ကျဆုံးခဲ့ကြသူများတွင် မကဒတ (ကျောင်းသားတပ်မတော်) မှ သင်တန်းသား ရဲဘော် ၂ ဦး လည်း ပါဝင်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုအပေါ် မကဒတ အနေဖြင့် အံ့သြတုန်လှုပ်ခဲ့ရပြီး လက်ရှိ ကြိုးပမ်းဆောင်ရွက်နေကြသည့် တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကြီးအကျယ် ထိခိုက်စေနိုင်သည်ဟု မကဒတ မှ ရှုမြင်သည်။

ဤတိုက်ခိုက်မှုနှင့်ဆက်နွယ်၍ မလိုလားအပ်သော နောက်ဆက်တွဲအကျိုးဆက်များ မဖြစ်စေလိုပါသဖြင့် ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးပြီး တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်)

ရက်စွဲ။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်။

---

Website: www.absdf8888.org, E-mail: absdfhq@csloxinfo.com